# Forward

## E-Reader စစ်ပွဲ

စာကြမ်းပိုးတွေအတွက် အသုံးဝင်တဲ့ e-reader တွေကို ရောင်းချနေတဲ့ Amazon ၊ Barnes & Noble နဲ့ Sony တို့က အပြင်းအထန် ပြိုင်ဆိုင်နေကြပါတယ်။ Electronic publishing နဲ့ ပတ်သက်တဲ့ ဈေးကွက်အတွင်းမှာ အပြိုင်အဆိုင်ရှိနေတဲ့ အဖွဲ့တွေဟာ ဈေးနှုန်းချပြီး ပြိုင်ဆိုင်လာကြပါတယ်။ အခုလ အနည်းငယ်အတွင်းမှာ ပစ္စည်းအသစ် ထုတ်လုပ်မှုတွေ ရှိလာသလို ဈေးနှုန်း ချလာတာတွေလည်း ရှိလာပါတယ်။

ပြီးခဲ့တဲ့ ဇွန်လကနေစတင်ပြီး ဈေးနှုန်းချပြိုင်ဆိုင်မှု ပြင်းထန်လာခဲ့ပါတယ်။ Barnes & Noble တို့ဟာ သူတို့ ထုတ်လုပ်တဲ့ Nook ကို ဒေါ်လာ ၆၀ ချပြီး ၁၉၉ ဒေါ်လာနဲ့ စတင်ရောင်းချလာခဲ့ပါတယ်။ ဒါ့ပြင် WiFi only Nook ကို ၁၄၉ ဒေါ်လာနဲ့ စတင်ရောင်းချခဲ့ ပါတယ်။ ဒီလို စတင်ရောင်းချလာခဲ့ပြီး နာရီပိုင်းအတွင်းမှာပဲ Amazon က ယင်းတို့ရဲ့ Kindle ကို ဒေါ်လာ ၇၀ ချပြီး ၁၈၉ ဒေါ်လာနဲ့စတင် ရောင်းချခဲ့ပါတယ်။ ဒီလိုဖြစ်ပြီး ၁၀ ရက် အကြာမှာ Sonyကလည်းယင်းတို့ ထုတ်လုပ်နေတဲ့ Ereader ၃မျိုးစလုံးကို ဒေါ်လာ ၃၀ စီ ချခဲ့ပါတယ်။ ဈေးအကြီးဆုံး ဖြစ်တဲ့ 3G version ဆိုရင်တောင် ၂၂၉ ဒေါ်လာပဲ ရှိပါတော့တယ်။

E-reader ဈေးနှုန်းစကျလာရတဲ့ အဓိကအချက်ကတော့ Apple ကထုတ်လုပ်တဲ့ iPad ကြောင့်ဖြစ်ပါတယ်။ ယနေ့ ဈေးကွက်ထဲမှာ ခေတ်စားလာတဲ့ ဘက်စုံသုံးအဖြစ် အသုံးဝင်တဲ့ iPad ကြောင့် e-reader ထုတ်လုပ် သူတွေ ချောက်ချားခဲ့ရပါတယ်။ အခု ပြိုင်ပွဲမှာ e-reader ထုတ် လုပ်သူအများအပြားအထိနာခဲ့ပါတယ်။ iPad ကြောင့် Plastic Logic ကထုတ်လုပ်ထားတဲ့ QUE e-reader ကို ဖြန့်ချိဖို့အတွက် အခက်အခဲကြီးတစ်ခု ဖြစ်လာခဲ့ပါတယ်။ Samsungက ထုတ်တဲ့ ProReader e-reader က လည်း ဈေးကွက်ကို ရောက်ဖို့ နှောင့်နှေးခဲ့ရပါတယ်။




E-reader ဈေးနှုန်းတွေ လျှော့ချလိုက်တာက e-reader တွေဆက်လက် ရပ်တည်နိုင်ပါ့မလား စဉ်းစားစရာပါပဲ

E-reader တွေရဲ့ အနေအထားက အခုအခါလမ်းဆုံလမ်းခွမှာ ရောက်နေပါတယ်။ Amazon အပါအဝင် တခြား ထုတ်လုပ်သူတွေဟာ smart phone၊ tablet၊ netbook စတဲ့ ပစ္စည်းတွေမှာ multi-purpose ရတာကြောင့် e-book တွေကို ဖတ်နိုင်တဲ့ function တွေလည်း ပါဝင်လာအောင်ထုတ်လုပ်လာတာ ဖြစ်ပါတယ်။ Ereader ထုတ်လုပ်သူတွေဘက်ကလည်း e-book တွေ

ကို e-reader တစ်မျိုးတည
နဲ့သာ ဖတ်နိုင်အောင် ပြုလု
လိုကြပါတယ်။ ဒါကြော
e-book ရောင်းချသူတွေ
e-reader တွေအကြား
ခက်အခဲတွေ ရှိလာခဲ့
တယ်။

Market research fi
တစ်ခုဖြစ်တဲ့ Yankee Gro
ရဲ့ခန့်မှန်းချက်တွေ အ
၂၀၁၀ ပြည့်နှစ်မှာ e-reac
ပေါင်း ၆ သန်း ရောင်းရ
မယ်လို့ ခန့်မှန်းခဲ့ပါတယ်။
၂၀၁၃ ခုနှစ်မှာ ၁၉.၂ သန်း
အထိ တက်လာမယ်လို့
လည်းဆိုပါတယ်။ ပညာရှင်
တွေ ပြောဆိုတာက ယင်းနောက်ပိုင်းမှာလည်း ဆက်လက်တိုးတက်နေမှာ ဖြစ်ပါတယ်။



Amazon က အသစ်ထုတ်လိုက်တဲ့ Kindle က အရင်ထုတ်ခဲ့တဲ့ e-reader တွေ ထက်ပိုပေါ့ပြီး ၆ လက်မ screen လည်းပါပါတယ်



Barnes & Noble က Wi Fi only နဲ့ 3 G ရော၊ Wi Fi ပါ ပါဝင်တဲ့ version ၂ မျိုးထုတ်လုပ်ပါတယ်

The Association of American Publishers ကပြောခဲ့တာက မေလမှာ e-book ရောင်းချရမှုက ဒေါ်လာ ၂၉.၃ သန်းရှိပြီး ရောင်းချမှုမှာ ပြီးခဲ့တဲ့လကနဲ့နှိုင်းယှဉ်ရင် ၁၆၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်ရဲ့ ရောင်းချမှုတွေက ၂၀၀၉ နဲ့ နှိုင်းယှဉ်ရင် ၂၀၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါတယ်။

Amazon ရဲ့ပြောကြားချက်တွေအရ Kindle book ဝယ်ယူသူတွေရဲ့ ၈၀ ရာခိုင်နှုန်းက Kindle ကို ပိုင်ဆိုင်ကြပါတယ်။ အဲဒီထဲက ကျန် ၂၀ ရာခိုင်နှုန်းက Amazon ရဲ့ အခြား app တွေဖြစ်ကြတဲ့ Android ၊ BlackBerry ၊ iPad ၊ iPhone ၊ Mac၊ ဒါမှမဟုတ် PC တို့ကို အသုံးပြုပြီးဝယ်ယူခဲ့တဲ့ e-Book တွေကိုဖတ်ကြပါတယ်။

## Single Purpose Vs Multipurpose

E-reader တွေရဲ့ အဓိကအနှောင့်အယှက်က Apple က ထုတ်လုပ်လိုက်တဲ့ ၄၉၉ ဒေါ်လာတန်တဲ့ iPad ပဲဖြစ်ပါတယ်။ Android tablet တွေမှာ အသုံးပြုသလို အသုံးပြုနိုင်တဲ့ ယင်းက e-reader သီးသန့် ထုတ်လုပ်သူတွေကို ဖိအားတစ်ခုပေးနိုင်ခဲ့ပါတယ်။ Tablet တွေက အရောင်စုံ LCD နဲ့ ကြည့်နိုင်တဲ့အချိန်မှာ e-reader တွေမှာ mono-chrome လို့ခေါ်တဲ့ အဖြူအမည်းပဲရတဲ့ E Ink screen ကိုပဲ အသုံးပြုနိုင်ပါသေးတယ်။

Amazon ကထုတ်လုပ်တာကိုရပ်မနေဘဲ ယင်းတို့ရဲ့ software မှာ word game တွေထည့်သွင်းတာ၊ Kindle app တွေကို ထုတ်လုပ်ဖို့ deve-loper တွေအတွက် API တွေကိုလည်း ထုတ်လုပ်ခဲ့ပါတယ်။ ဇူလိုင်လကုန်ပိုင်းမှာ Amazon က ယင်းတို့ရဲ့ တတိယမျိုးဆက်ဖြစ်တဲ့ ရိုးရှင်း လွယ်ကူတဲ့ Kindle ကိုထုတ်ဝေခဲ့ပါတယ်။ ယင်းမှာ ပိုကောင်းတဲ့ display၊ ပိုပြီး မြန်ဆန်တဲ့ navigation နဲ့ design ပြန်လုပ်ထားတဲ့ ကိုယ်ထည်ပါဝင်ပါတယ်။ 3G နဲ့ WiFi တွေပါဝင်တဲ့ version ကို ၁၈၉ ဒေါ်လာနဲ့ ရောင်းချပြီး WiFi တစ်ခုတည်းပါဝင်တဲ့ version ကိုတော့ ၁၃၉ ဒေါ်လာနဲ့ ရောင်းချခဲ့ပါတယ်။

Feature တွေနဲ့ application ပါဝင်တာတွေမတူညီပေမယ့် e-book ဖတ်သူတွေက Amazon နဲ့ Barnes & Noble တို့က ထုတ်လုပ်တဲ့ e-reader တွေကိုကြိုက်နှစ်သက်ကြပါတယ်။ ပထမဦးဆုံးစပြောရရင် အဖြူနဲ့အမည်းပဲရတဲ့ e-reader တွေက အရောင်စုံလင်လှတဲ့ LCD-based tablet တွေထက် ပိုမိုကောင်းမွန်ပါတယ်။ ဒုတိယအချက်အနေနဲ့ Apple ရဲ့ iPad က battery ၁၀ နာရီပဲခံပေမယ့် Kindle ကအသစ်ထုတ်လိုက်တဲ့ ereader ကတော့ 3G radio ဖွင့်ထားတဲ့တိုင်အောင် battery သက်တမ်း ၃ ပတ်ခံပါတယ်။ E-reader တွေအသုံးပြုထားတဲ့ E-Ink display တွေက iPad မှာအသုံးပြုထားတဲ့ LCD ထက် နေရောင်အောက်မှာ ပိုပြီးကြင်လင်ပြတ်သားစွာမြင်ရပါတယ်။

Amazon က ယင်းတို့ရဲ့ e-reader တွေရောင်းချမှုကို ဘယ်တုန်းကမှ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေမယ့် ပြီးခဲ့တဲ့ နွေရာသီမှာ e-book ရောင်းချရမှုက စာအုပ်ရောင်းချရမှုထက် ၈၀ ရာခိုင်နှုန်းပိုများကြောင်းပြောကြားခဲ့ပါတယ်။ဒါ့ပြင် ebook ရောင်းချနေရတဲ့ဈေးကွက်တစ်ခုလုံးမှာ ၇၀ ရာခိုင်နှုန်း ကနေ ၈၀ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်နေပြီဖြစ်တာကိုလည်း ကြေညာ

ခဲ့ပါတယ်။ အဲဒီအချက်အလက်တွေကို သေချာစေဖို့ တခြားဈေးကွက်တွေကိုပါ လေ့လာခဲ့ရာမှာ မှန်ကန်တာကို တွေ့ရပါတယ်။ ဥပမာ–စာရေးဆရာ James Patterson က e-book ပေါင်း ၁.၁၄ သန်း ရောင်းချခဲ့တယ်လို့ ဆိုရာမှာ ၈၆၇,၈၈၁ ခု မှာ Kindle book တွေဖြစ်ကြပါတယ်။

Barnes & Noble က ဈေးကွက်ရဲ့ ၂၀ ရာခိုင်နှုန်းကိုရပြီးဖြစ်ကြောင်း၊ Apple ကလည်း ၂၂ ရာခိုင်နှုန်းရှိနေပြီဖြစ်ကြောင်းကို အသီးသီး ပြောကြားခဲ့ကြပါတယ်။ အဲဒီကိန်းဂဏန်းတွေကို ယင်းတို့ကကြေညာခဲ့ပေမယ့် တိတိကျကျမသိရသေးပါဘူး။ တခြား ထုတ်လုပ်သူတွေလည်းရှိနေသေးပါတယ်။ E-book ဈေးကွက်ရဲ့ အဓိကအချက်က e-reader ရောင်းချရမှုတွေက အဓိကမကျဘဲ အသစ်ထွက်လာတဲ့ e-book တွေရောင်းချရတာကပဲ အဓိကျပါတယ်။

## စစ်ပွဲပြီးဖို့လိုသေးပါတယ်

Amazon က ဈေးကွက်ကိုဦးဆောင်သူအဖြစ် ယင်းတို့ အသစ်ထုတ်လိုက်တဲ့ E-Ink devices တွေကြောင့် သေချာစေခဲ့ပါတယ်။ အသစ်ထွက်လာတဲ့ Kindle က ထွက်ထွက်ချင်း ပထမအပတ်မှာပဲ ကုန်အောင်ရောင်းချနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ယင်းအပါအဝင် Barnes & Noble ၊ Sony နဲ့အခြား e-reader ထုတ်လုပ်သူတွေက Apple iPad အပါအဝင် ယခုလက်ရှိနဲ့ နောင်မကြာမီအချိန်အတွင်းမှာ ထွက်လာတော့မယ့် Archos Android tablet တွေ၊ Dell ၊ Samsung ၊ Velocity Micro နဲ့ Verizon စတာတွေကြောင့် ဈေးကွက်မှာ အကြပ်ရိုက်နေပါတယ်။

Amazon ကအသစ်ထုတ်လိုက်တဲ့ Kindle ကြောင့် တစ်ဒါဇင်လောက်ရှိတဲ့ လူသိနည်းတဲ့ e-reader brand တွေဖြစ်ကြတဲ့ Aluratek ၊ Bookeen နဲ့ Kobo စတာတွေကို ဖိအားပေးလာခဲ့ပါတယ်။ ဒါကြောင့်လည်းဈေးတွေလျှော့ချ ပြိုင်ဆိုင်ကြတာဖြစ်ပါတယ်။ ဒါပေမဲ့ Aluratek ၊ Bookeen နဲ့ Kobo တို့ရဲ့ profit margin ကျဉ်းမှုကြောင့် Amazon နဲ့ Barnes & Noble တို့လုပ်သလို သိသိသာသာဈေးလျှော့တာတွေ မလုပ်နိုင်ပါဘူး။ ဈေးကွက်အတွင်းရှိ e-reader ထုတ်လုပ်သူတွေက ပိုမိုကောင်းမွန်အောင်ထုတ်လုပ်ဖို့ ကတိတွေပေးလာကြပါတယ်။ ယခုနှစ်အကုန်မှာ Sharp မှ e-reader အသစ်တစ်မျိုး ထုတ်လုပ်မှာဖြစ်ပြီး ယင်းမှာ proprietary e-publishing file format အသစ်ကို အသုံးပြုထားပါတယ်။ Sharp က ဂျပန်မှာ စတင်ဖြန့်ချိမှာဖြစ်ပြီး ယင်းရဲ့ partner ဖြစ်တဲ့ Verizon wireless e-reader တွေကို အမေရိကန်မှာ မကြာခင်ဖြန့်ချိ တော့မှာဖြစ်ပါတယ်။

WiFi Kindle ကို ၁၃၉ ဒေါ်လာထိ လျှော့ချလိုက်ခြင်းမှာ မေးခွန်းတစ်ခုရှိပါတယ်။ လူသိနည်းတဲ့ e-reader တွေကို ဒီဈေးနှုန်းလောက်နဲ့ ရနိုင်ပါသလား။ အချို့ brand တွေဖြစ်တဲ့ Kobo ကို ၁၃၉ ဒေါ်လာနဲ့ပဲ ရနိုင်ပါတယ်။ ဒါပေမဲ့ သုံးစွဲရခက်တာ၊ 3G၊ ဒါမှမဟုတ် WiFi မပါဝင်တာ၊ Amazon၊ Sony နဲ့ Barnes & Noble တို့မှာ ဖတ်နိုင်တဲ့အချို့ e-book တွေကို မရနိုင်တာ built-in bookstore access တွေ မပါဝင်တာတို့က Kindle ကို အသာရစေပါတယ်။ တတိယမျိုးဆက်ဖြစ်တဲ့ Kindle ကြောင့် e-reader တွေဘက်က အသာစီးပြန်ရလာပါတယ်။ သူ့မှာပါဝင်တဲ့ feature တွေစုံလင်လာတဲ့အပြင် e-reader ထုတ်လုပ်တဲ့ ပြောရေးဆိုခွင့် ရှိသူတစ်ဦးက " ဈေးနှုန်းနဲ့ ပတ်သက်ပြီး ဘယ်သူယှဉ်နိုင်မှာလဲ " လို့ အလွတ်သဘောပြောကြားခဲ့ပါတယ်။ ■

ကောင်းမြတ်ထွန်း



Sony Daily Edition က ဈေးကြီးပေမယ့် major newspaper တွေကို ဖတ်နိုင်ပါတယ်



ဈေးကြီးတဲ့ Kobo e-reader ရဲ့ user friendly screen နဲ့ စာတွေကို ရှင်းရှင်းလင်းလင်း ဖတ်နိုင်ပါတယ်